# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

May 26, 2020 Volume 31, Number 16


## အရာတော်မြို့တွင် သနပ်ခါးပွဲရုံနှင့် အရောင်းစျေးတန်းဖွင့်မည်



သနပ်ခါးခြံပိုင်ရှင်များမှတစ်ဆင့် ပြန်လည်ရောင်းချလိုသူများ အဆင်ပြေစေရန် အရာတော်မြို့နယ် သနပ်ခါးအသင်းမှဦးဆောင်၍ သနပ်ခါးပွဲရုံနှင့်အရောင်းစျေးတန်းကို ဇူလိုင်လအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ သနပ်ခါးပွဲရုံကို မုံရွာ-ရွှေဘိုကားလမ်းမကြီးဘေး အရာတော်မြို့အဝင် အမှတ်(၁)ရပ်ကွက် ပိတောက်မြိုင်ရပ်ရှိ အရာတော်မြို့နယ် သနပ်ခါးအသင်းရုံး၌ဖွင့်လှစ်မည်ဖြစ်ပြီး လက်လီဝယ်ယူလိုသူများ အဆင်ပြေစေရန် အသင်းရုံးရှေ့ လမ်းမတန်းတွင် သနပ်ခါးအရောင်းယာယီစျေးတန်းဆိုင်ခန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။ "ပွဲရုံဖွင့်တဲ့ရည်ရွယ်ချက်က သနပ်ခါးလာရောက်ဝယ်သူတွေ အခက်အခဲမဖြစ်စေချင်လို့ပါ။ ခြံအရောက်သွားကြည့်စရာမလိုဘူး။ ပစ္စည်းကိစ္စ၊ စျေးနှုန်းကိစ္စ ပွဲရုံမှာပဲပြီးမှာဖြစ်ပါတယ်။ လက်လီဝယ်လိုသူတွေအနေနဲ့လည်း အရောင်းစျေးတန်း ယာယီဆိုင်ခန်းတွေမှာ ကြိုက်ရာရွေးဝယ်နိုင်ကြမှာပါ။ လက်လီဆိုင်ခန်းအနေနဲ့ ၁၅ ခန်းကနေ အခန်း ၂၀ အထိဖွင့်နိုင်မှာပါ။ ဒီကို လာဝယ်ရင် ပစ္စည်းလည်းမမှား၊ စျေးလည်းမများဘူးဆိုတာ အာမခံပါတယ်။ ဇူလိုင်လထဲ အပြီးဖွင့်နိုင်ဖို့ စတင်ဆောင်ရွက်နေပါပြီ"ဟု မြန်မာနိုင်ငံသနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုး (ရွှေစင်သနပ်ခါး)က ပြောသည်။

အရာတော်မြို့နယ်တွင် သနပ်ခါးစိုက်ပျိုးဧက တစ်သိန်းကျော်ရှိပြီး သနပ်ခါးပို့ကုန်အနေဖြင့် တစ်နိုင်ငံလုံး၏ ၇၅ ရခိုင်နှုန်း ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိသည်။ လက်ရှိတွင် အရာတောင်မြို့နယ်မှ မြန်မာနိုင်ငံသနပ်ခါး စိုက်ပျိုး၊ ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဝင် ၃၀၀၀ ကျော်ရှိသည်။ အရာတော်သနပ်ခါးသည် ကျောက်ကုန်းထွက်ဖြစ်သဖြင့် သဘာဝအတိုင်း အပွေးညိုခြင်း၊ အပွေးထူခြင်း၊ အနံ့မွှေး၍ဆေးဖက်ဝင်ခြင်းများကြောင့် လူကြိုက်များသည်။ သနပ်ခါးအထွက်

| ၂၆.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၃ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၃/- ကျပ် |
| CBM Rate | = ၁၄၀၅.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၀.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၈.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၄.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၀.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၇၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

များသည့် အရာတော်မြို့ကို သနပ်ခါးမြို့တော်အဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် မြို့အဝင်နေရာများမှာ သနပ်ခါးမြို့တော် အရာတော်ဆိုင်းဘုတ်ကြီးများ စိုက်ထူထားရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/139599.html

## COVID-19 ကြောင့် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဂေါ်ဖီစိုက်ဧက ၁၆၀၀ ခန့် ဈေးကွက်ပျက်



COVID-19 ကြောင့် ရှမ်းပြည်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်ရှိ နောင်တရားဒေသတွင် ဂေါ်ဖီစိုက်ဧက ၁၆၀၀ ခန့်အပေါ် ရိုက်ခတ်မှုများရှိလာပြီး ဈေးကွက်မရှိဖြစ်ကာ ပျက်ဆီးဆုံးရှုံးမှုများဖြစ်ပေါ်နေပြီး ပရဟိတအဖွဲ့တစ်ခုက တောင်သူများထံမှ ဂေါ်ဖီများအား သင့်တင့်သောဈေးဖြင့်ပြန်ဝယ်ကာ တောင်ပေါ်ကျေးရွာများအထိ လိုအပ်သောနေရာများသို့ လှူဒါန်းရန်စီစဉ်လျက်ရှိကြောင်းသိရသည်။ COVID-19 ရောဂါကာလနှင့် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်းရှိစိုက်ထားသော ဂေါ်ဖီစိုက်ပျိုးထွက်ရှိချိန်နှင့် တိုက်ဆိုင်နေသည့်အတွက် တစ်နိုင်ငံလုံး stay at home ကာလသတ် မှတ်ချိန်တွင် အသွားအလာမလုပ်နိုင်ခြင်း၊ စားသောက်ဆိုင်များဖွင့်လှစ်မှုမရှိခြင်းတို့ကြောင့် ဂေါ်ဖီရောင်းချနိုင်ခြင်းမရှိသည့်အတွက် ဂေါ်ဖီထုပ်များ စွန့်ပစ်လိုက်ရခြင်း၊ ဖျက်ဆီးပစ်ရခြင်း စသည့်အခြေအနေများဖြစ်ပေါ်နေသည်ဟု ဒေသခံများကဆိုသည်။ ''လက်ရှိထွက်နှုန်းနဲ့ အခုလောလောဆယ် စားသုံးသူနဲ့က မမျှဘူး။ ထွက်နှုန်းအရမ်းမြင့်နေတဲ့အချိန်။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ပြဿနာမရှိဘူး။ COVID-19 ကာလမှာတော့ စားသောက်ဆိုင်တွေက သိပ်မဖွင့်တော့ဘူး။ ပါဆယ်တွေနဲ့ သွားနေတော့တာကိုး။ လူတွေကလည်း ပွဲလမ်းသဘင်တွေမရှိတော့ စိုက်ထားတဲ့စိုက်ဧကနဲ့ Supply နဲ့ Demand မမျှတော့ အခုစွန့်ပစ်ရမယ့်အနေအထား ဖြစ်သွားတာ''ဟု ဒေသခံတစ်ဦး ဖြစ်သူ ဦးခွန်ဆန်းဦးက မြန်မာတိုင်းမ်ကိုပြောသည်။

နောင်တရားဒေသတွင် တစ်နှစ်လျှင် ဂေါ်ဖီစိုက်ဧက ၁၆၀၀ ခန့် စိုက်ပျိုးကြပြီး ယခုရာသီတွင် စိုက်ဧက ၅၀၀ ခန့်ထွက်ရှိသည့်အနက် ဧက ၂၀၀ ခန့် ပျက်စီးသွားပြီးဖြစ်သည်ဟုသိရသည်။ ဂေါ်ဖီစိုက်တောင်သူများသည် ပုဂ္ဂလိက ချေးငွေ လုပ်ငန်းများမှ ချေးငွေများရယူ၍ စိုက်ပျိုးထားခြင်းဖြစ်ပြီး ယင်းချေးငွေများပြန်လည်ပေးဆပ်ရန်နှင့် စိုက်ပျိုးရေးဆေးဆိုင်မှ မြေဩဇာ ၊ ဆေး၊ မျိုးစေ့ဖိုးများ၊ ပွဲစားများဆီမှ ကြိုတင်ငွေရယူထားခြင်းများစသည်တို့ကို ပြန်ပေးဆပ်ရန် အခက်အခဲကြုံနေရသည်ဟု သိရသည်။ အဆိုပါအခြေအနေများကြောင့် ဂေါ်ဖီစိုက်တောင်သူများကို တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေ ဖြင့် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင်းရှိ နောင်တရား ပရဟိတအဖွဲ့က စိုက်ဧက ၃၀၀ ထဲမှ တောင်သူများအတွက် သင့်တင့်သောဈေးနှုန်းဖြင့် ဂေါ်ဖီထုပ်ပေါင်း ၅ သိန်းကို တာဝန်ယူ၍ လှူဒါန်းရန်ဝယ်ယူပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် ဂေါ်ဖီထုပ် ၃ သိန်းဝယ်ယူပြီးသွားပြီဟု အဆိုပါအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ ဦးခွန်ဆန်းဦးကပြောသည်။ ''အခုသွားလာမှု ပြန်ဖြစ်လာတော့ စိုက်ခင်းတွေက နည်းနည်းလွန်သွားပြီး ရောင်းချဖို့အတွက် အခက်အခဲဖြစ်သွားတယ်။ စားသောက်တာကြတော့ အခက်အခဲမရှိဘူး။အဲဒါကြောင့် ပေးလှူဖို့ လုပ်လိုက်တာ''ဟု ၎င်းကပြောသည်။

နောင်တရားပရဟိတအဖွဲ့က တောင်သူများထံမှဝယ်ယူ၍ ရေနီ ၊ ပျဉ်းမနား ၊ လယ်ဝေးအရှေ့ဘက်ရှိ တောင်ပေါ်ကျေးရွာများအထိ ပြည်သူလူထုများ၊ မြို့နေလူတန်းစားများ၊ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများသို့ ပို့ဆောင်လှူဒါန်းပေးနေပြီး တောင်သူအချို့ကလည်း ပါဝင်လှူဒါန်းမှုများရှိသည်ဟုသိရသည်။ အလားတူ ပြီးခဲ့သောလကလည်း COVID-19 ထိန်းချုပ်ရန် အကြောင်းပြချက်ဖြင့် တရုတ်အစိုးရက နယ်စပ်ချင်းထိစပ်နေသည့် နန်ခမ်း“မူဆယ်တစ်လျှောက်ရှိ ဝင်ပေါက်များမှ ပြောင်းချို (သကြားပြောင်း) တင်ပို့မှုကို ပိတ်လိုက်သည့်အတွက် ပြောင်းချိုစိုက်ဧက ၅,၀၀၀ ခန့်ရှိသော ပြောင်းတန်ချိန်သိန်းချီ၍ ရွှေလီမြစ်ထဲသို့ လွှင့်ပစ်နေရပြီး တောင်သူများနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139576.html

## GDP ၏ ၂၂ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှရရှိခဲ့ပြီး ယင်းကဏ္ဍမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းက ၂ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ၏ ၂၂ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍကြီးမှ ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကပြောကြားသည်။ မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း ၇၀ သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး နိုင်ငံလူဦးရေအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ဆောင်ရွက်နေကြောင်းသိရသည်။ လယ်ယာကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က တိုးတက်မှုနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GDP) အရ လယ်ယာကဏ္ဍတွင် ၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် သားငါးကဏ္ဍမှ ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၆ ဒသမ ၀၉၆ ထရီလီယံနှင့် ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမခြောက်လပတ်တွင် ကျပ် ၆၇ ဒသမ ၁၈၆ ထရီလီယံရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၆၃ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ပုံမှန်ဈေးနှုန်းအရ ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နှစ်ကုန်တွင် စီးပွားရေး တိုးတက်မှုနှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁၉ ဒသမ ၀၂၃ ထရီလီယံရရှိရန် ခန့်မှန်းထားပြီး GDP တိုးတက်မှုနှုန်းကို ခုနစ်ရာခိုင်နှုန်းရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းကဆိုသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကဏ္ဍကြီးများအလိုက် စီးပွားရေး တိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားကြောင်းသိရသည်။

လယ်ယာကဏ္ဍကြီးတွင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့တင်ပို့နိုင်ရန်၊ ဈေးကွက်ဝင်အထွက်ကောင်းမျိုးစေ့ အဆင့်ဆင့်ထုတ်လုပ်ရန်၊ ငါး၊ ပုစွန်တိုးချဲ့မွေးမြူနိုင်ရန်နှင့် နည်းပညာအဆင့်မြှင့်တင်ရန်တို့ကို မျှော်မှန်းထားကြောင်းသိရသည်။ မြန်မာနိုင်ငံ၏လူဦးရေ၏ ရာခိုင်နှုန်း ၇၀ သည် ကျေးလက်ဒေသတွင်နေထိုင်လျက်ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်အနာဂတ်မျှော်မှန်းချက်ပြည့်မီလွှမ်းခြုံနိုင်မည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု မူဝါဒကိုပြင်ဆင်ရေးဆွဲခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/175425

## ဆန်အလိုအလျောက်ထုတ်ပေးသည့်စက်များဖြင့် လှိုင်သာယာမြို့နယ်တွင် အခမဲ့ပေးဝေ




ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဆန်အလိုအလျောက် ထုတ်ပေးသည့်စက်များဖြင့် မေလ ၁၆ ရက်မှစ၍ဆန်အခမဲ့ပေးဝေနေကြောင်းသိရသည်။ "We Love Yangon နေပြီးတော့ စက်ကိုစမ်းသပ်ချင်တယ်။ လှိုင်သာယာလိုနေရာမျိုးမှာ စမ်းသပ်ဖို့ လိုတယ်လို့ပြောလို့ ကျွန်တော်တို We Love Hlaingtharyar အဖွဲ့၊ နည်းပညာအဖွဲ့ တွေနဲ့ ချိတ်ဆက်ပြီးတော့ ပူးပေါင်းလုပ်ဆောင်တာပါ"ဟု လှိုင်သာယာမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးတင်ဇော်ထွေးကပြောသည်။

ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေး အခက်အခဲဖြစ်နေသူများကို ဆန်ကူညီပေးခြင်းဖြစ်ပြီး မေလ ၁၆ ရက် မှ ၂၁ ရက်အထိ ဆန်ထုတ်ယူသူပေါင်း ၅၀၀ ကျော်ရှိပြီ ဖြစ်ကြောင်းသိရသည်။ "ဆန်ထုတ်လိုသူတွေအနေနဲ့ ဖုန်းကနေတစ်ဆင့် သတ်မှတ်ထားတဲ့ လင့်ကိုဝင်မယ်။ ဒါမှမဟုတ် We

Love Hlaingtharyar လူမှုကွန်ရက် (ဖေ့စ်ဘွတ်ခ်)ကို ဝင်ရောက်မယ်။ ချက်ဘောက်မှာ အခမဲ့ဆန်ရယူဖို့ စာရင်းသွင်းရင် QR ကုတ်နံပါတ်ကိုယူပြီး Rice ATM စက်မှာ ရိုက်ထည့်ပြီး ဆန်ထုတ်လို့ရပြီ။ ဒီလိုလုပ်လို့ မရတဲ့ဖုန်းဆိုရင် ရုံးကိုလာပါ။ ကျွန်တော်တို့က ကုတ်ထုတ်ပေးမယ်။ လာဖို့အခက်အခဲရှိတဲ့ သက်ကြီးရွယ်အိုတွေဆိုရင် ထုတ်ပြီးသွားပို့ပေးပါတယ်'' ဟု ၎င်းကပြောသည်။

လူမှုကွန်ရက် အသုံးမပြုသူက ဖုန်းနံပါတ် ၀၉ ၉၇၈ ၂၈၈ ၇၇၄ သို့ ထုတ်ယူလိုသူ၏ အမည်နှင့်လိပ်စာတို့ကို SMS(စာတို) ပေးပို့၍ ဆန်ထုတ်ယူခွင့် လျှောက်ထားရပါမည် ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် လူတစ်ဦးလျှင်ဆန်နို့ ဆီဘူး ၆ လုံးအထိ သုံးရက်တစ်ကြိမ်ထုတ်ပေးနေကြောင်း၊ နောက်ပိုင်းတွင် တစ်ဦးလျှင်တစ်ပြည်ခွဲမှနှစ်ပြည်ထိ ပေးနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။ တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုနည်းပါးစေရေးနှင့် စက်ဖြင့်ဆန်ထုတ်ပေးခြင်းဖြင့် လူချင်းထိတွေ့မှုမရှိဘဲ ရောဂါဖြစ်ပွားမှု ကာကွယ်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါစက်ကို လှိုင်သာယာမြို့နယ် (၉)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ် (၅၇၂/က/ခ)ရှိ လွှတ်တော်ကိုယ်စားလှယ်များရုံးတွင်ထားရှိကြောင်းသိရသည်။

အဆိုပါစက်ကို ပြည်တွင်းကုမ္ပဏီနှင့် နည်းပညာရှင်များက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး We Love Hlaingtharyar အဖွဲ့၊ ပရဟိတအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကုမ္ပဏီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ဆန်များကို အလှူရှင်များက ပူးပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/education/9361328

## နိုင်ငံတကာဈေးကွက်တွင် မြန်မာဆန်ရောင်းအား ကျဆင်းနိုင်ဟုဆို



နိုင်ငံတကာဈေးကွက်သို့ အိန္ဒိယနိုင်ငံမှ ဆန်များစတင်ဝင်လာသဖြင့် မြန်မာဆန်ဈေး အနည်းငယ်တက်သော်လည်း ရောင်းအား ကျဆင်းနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူ အချို့ကခန့်မှန်းသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ ငါးမှတ် (အကျိုးအကြေ ၅ ရာခိုင် နှုန်းသာပါသော) ဆန်အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၄၁၀ ဖြင့် နိုင်ငံတကာဈေးကွက်သို့ ပြန်လည်ဝင်လာချိန်တွင် မြန်မာ ငါးမှတ်ဆန်ဖြူ တစ်တန်ဈေးနှုန်းက ဒေါ်လာ ၄၅၀ ဈေးဖွင့်သည်။

COVID-19 ရောဂါကြောင့် ပိတ်ဆို့မှုများကြုံခဲ့ရသော အိန္ဒိယ ဆန်ကုန်သည်များသည် နိုင်ငံတကာဈေးကွက်ကို ပြန်လည်ထိုးဖောက်လာချိန်တွင် လျှော့ဈေးဖြင့်စတင်ခြင်းက မြန်မာဆန်အတွက် ဈေးကွက်ယှဉ်ပြိုင်မှုများ ထပ်တိုးလာသည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အတွင်းရေးမှူး ဦးမျိုးသူရအေးကပြောကြားသည်။ နိုင်ငံတကာ ဆန်ဈေးကွက်မှ ဆန်ဝယ်ယူသည့် နိုင်ငံများကလည်း COVID-19 ရောဂါ အခြေ အနေပေါ်မူတည်ကာ ပြောင်းလဲ နေသည်ဟု ၎င်းကပြောကြားသည်။ ''ပထမတော့ ရိက္ခာပြတ်မှာကြောက်ပြီးဝယ်တဲ့သဘောပဲ။ အခုချိန်မှာတော့ အဝယ်ကိုပြန်ချိန်နေကြတယ်'' ဟု ဦးမျိုးသူရအေးကပြောသည်။

အိန္ဒိယနိုင်ငံက နိုင်ငံတကာ ဆန်ဈေးကွက်သို့ ဝင်လာချိန်တွင် မြန်မာဆန်ကို တရုတ်နိုင်ငံနယ်စပ်မှ ဝယ်လိုအားကျဆင်းနေသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ မေလ ၅ ရက်အထိ နယ်စပ်မှဆန်တင်ပို့နိုင်သည့်ပမာဏက တန်ချိန် ၂၆၀,၀၀၀ ကျော်သာရှိသည်။ ပြီးခဲ့သည့်နှစ်များနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံသို့ နယ်စပ်မှဆန်တင်ပို့နိုင်သည့် ပမာဏများစွာလျော့နည်းသွားသည်ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ တရုတ်နိုင်ငံတွင် COVID- 19 ရောဂါ ဇန်နဝါရီတွင် စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံမှ ဆန်အဝယ် ပမာဏလည်းလျော့နည်းခဲ့သည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ စတင်ရောက်ရှိချိန်၌ ပြည်ပဆန်တင်ပို့မှု ကန့်သတ် တားမြစ်ခဲ့ပြီး မေလကစတင်ခွင့်ပြုခဲ့သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် မေလတွင် တရုတ်နိုင်ငံသို့ နယ်စပ်မှ ဆန်တန်ချိန်ငါးသောင်းတင်ပို့ရန်လျာထားသည်။ လက်ရှိ မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှုက ယခုဘဏ္ဍာနှစ် ခုနစ်လကျော်အချိန်အတွင်း တန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့ထားသည်။

**Source:** https://7day.news/detail?id=187043

## မြန်မာ-အိန္ဒိယနယ်စပ် အရောင်းအဝယ်ရပ်ထား၍ ကလေးဒေသထွက် ငှက်ပျောသီးများအရောင်းအဝယ်ကျ



မြန်မာ-အိန္ဒိယနယ်စပ်ဈေးကွက်အား ကာလရှည်ကြာ ရပ်ဆိုင်းခဲ့ခြင်းကြောင့် ကလေးဒေသထွက် ငှက်ပျောသီးများသည် အရောင်းအဝယ်ကျဆင်းလျက်ရှိကြောင်း ဈေးကွက်အတွင်းက သိရသည်။ "ကျွန်တော်တို့ ကလေးဒေသက ဘရာဇီးငှက်ပျော၊ သီးမွှေးငှက်ပျော၊ ဖီးကြမ်းငှက်ပျောထွက်တယ်။ မြန်မာ-အိန္ဒိယနယ်စပ်ဈေးတွေဖြစ်တဲ့ ရိဒ် နယ်စပ်၊ တမူးနယ်စပ်ဈေးတွေကို တင်ပို့ရောင်းချရပါတယ်။ ချင်းတွင်း အထက်ပိုင်း မော်လိုက်၊ ဖောင်းပြင် ဘက်ကိုလည်း တင်ပို့ရောင်းချပါတယ်။ အခုနှစ်က COVID-19 ရောဂါကြောင့် နယ်စပ်ဈေးတွေလည်းပိတ်၊ ချင်းတွင်းအထက်ပိုင်းမှာကလည်း အရောင်းအဝယ်အေးနေတဲ့အတွက် ကလေးမြို့ပေါ်မှာ လှည့်လည်ရောင်းချနေရတယ်။ ရောင်းရသရွေ့ဆိုပါတော့။ အရောင်းအဝယ်ကတော့ ကျဆင်းနေတာပေါ့"ဟု ကလေးမြို့နယ် ဇင်းကလင်း၊ ထိုမာကျေးရွာများရှိ ငှက်ပျောခြံပိုင်ရှင် ဦးမာကပြောသည်။

ကလေးဒေသတွင် စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြသူများပြီး ဒေသထွက်ရာသီပေါ်သီးနှံများကို ချင်းတောင်၊ မြန်မာ-အိန္ဒိယနယ်စပ်ဈေးကွက်၊ ချင်းတွင်းအထက်ပိုင်း ဈေးကွက်များသို့လည်းကောင်း၊ မုံရွာ၊ မန္တလေး၊ တရုတ်နယ်စပ် ဈေးကွက်များအထိ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။ နွေရာသီအကုန် မိုးဦးကာလအစတွင် ကလေးဒေသမှ သရက်၊ ဖရဲ၊ လိုင်ချီး၊ ငှက်ပျောစသည့်ခြံထွက်သီးနှံများ အလုံးအရင်းဖြင့်ထွက်ရှိနေသော်လည်း ဈေးကွက်အခြေအနေပျောက်ဆုံးနေသည့်အတွက် လုပ်ငန်းရှင်များ အရှုံးပေါ်နေကြောင်း ဒေသခံများကပြောသည်။ "ကျွန်တော်တို့ ကလေးဒေသကထွက်တဲ့ ငှက်ပျော၊ ဖရဲ၊ သရက်သီးတွေကတော့ စားသုံးဖို့လာဝယ်တဲ့သူတွေကို အလကားပေးလိုက်တာမျိုးတွေအထိရှိတယ်။ စိုက်ပျိုးထွက်ရှိလာတဲ့ သီးနှံကိုရောင်းချဖို့ ဈေးကွက်တွေကပိတ်နေတော့ သွားလာရောင်းဝယ်ဖို့ မဖြစ်နိုင်တော့ဘူး။ ပြီးတော့ အသီးအနှံဆိုတာ အချိန်နဲ့ ရောင်းရတာ၊ ရက်ကြာရင် စားသုံးဖို့မကောင်းတော့ဘူး။ ဒါကြောင့် နီးစပ်ရာကိုလာယူကြဆိုပြီး ပေးလိုက်တယ်"ဟု ကလေးဒေသခံ ငှက်ပျောစိုက်တောင်သူတစ်ဦးက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/139598.html

## မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံသို့ ဆေးရုံသုံးဝတ်ရုံတင်သွင်းမှုတွင် တတိယအများဆုံးဖြစ်

ကိုဗစ်ကာလတွင် ဆေးဘက်ဆိုင်ရာ ပစ္စည်းများပြတ်လပ်ခြင်းကို အမေရိကန်တစ်လွှားမှာ ဖြစ်ပေါ်နေသည့်နည်းတူ အခြားနိုင်ငံများအပြားတို့တွင်လည်းဖြစ်ပေါ်နေသည်။ အမေရိကန်နိုင်ငံသည် ပြည်ပမှတင်သွင်းသည့်အပေါ် အသည်းအသန်အားကိုးပြုနေရသည်။ ထိုတင်သွင်းမှုများတွင် ပြီးခဲ့သည့် နှစ်ကာလတို့တွင် တရုတ်နိုင်ငံသည် အဓိကကျနေခဲ့သည်။ သို့သော် ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံမှ တင်သွင်းသည့် ဆေးပစ္စည်းများအပေါ် သွင်းကုန်ခွန်ကိုမြှင့်တင်ခဲ့ပြီး ကူးစက်ရောဂါ ဆိုးဝါးနေချိန် ပြီးခဲ့သည့် မတ်လကျမှ ထိုအကောက်ခွန်နှုန်းထားကို ဖယ်ရှားပေးခဲ့သည်။ သို့တိုင်အောင် N95 မတ်စ် တင်သွင်းမှုတွင် ချုပ်ချယ်မှုများရှိနေသည်။

တရုတ်အစိုးရက ပြည်တွင်းရှိ မတ်စ်ထုတ်လုပ်သူများသည် အစိတ်အပိုင်းကို ဖြစ်စေ၊ တစ်ခုလုံးကို ဖြစ်စေ ပြည်တွင်းမှာသာ ရောင်းချခွင့်ရှိသည်။ ပြည်ပသို့ တင်ပို့ခွင့်ပိတ်ပင်ထားသည်။ တောင်ကိုရီးယား၊ ထိုင်ဝမ်နှင့်အိန္ဒိယအပါအဝင် အခြားနိုင်ငံများတွင်လည်း မိမိနိုင်ငံသားများအတွက် သိမ်းထားလိုသဖြင့် ပြည်ပသို့ ဆေးဘက်ဆိုင်ရာပစ္စည်းများတင်ပို့ခြင်းကို ပိတ်ပင်ထားသည်။ သို့ဖြစ်ရာ ဆေးဘက်ဆိုင်ရာပစ္စည်းများ ကမ္ဘာ့ကုန်သွယ်ရေး အဆုံးသတ်သွားပြီလော။ ဆေးရုံသုံးဝတ်ရုံ surgical gowns (harmonized code 6210) ကို တင်သွင်းကြသည့် ကမ္ဘာ့ကုန်သွယ်ရေးကိုကြည့်လျှင် အမေရိကန်နိုင်ငံသို့ အလေးချိန်ပမာဏအရ အများဆုံးငါးနိုင်ငံတွင် မြန်မာနိုင်ငံပါဝင်သည်။

၁။ တရုတ်

၂။ ဗီယက်နမ်

၃။ မြန်မာ

၄။ ဘင်္ဂလားဒေ့ရှ်
၅။ အင်ဒိုနီးရှား

ဖော်ပြထားသည်မှာအလေးချိန်ကီလို ပမာဏအရဖြစ်သည်။ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များအတွက်ဖြစ်သည်။ အများဆုံးတင်သွင်းသည့် တရုတ်နိုင်ငံသည် သွင်းကုန်ခွန်မြင့်တက်သဖြင့် ၂၀၁၉ ခုနှစ်တွင် ၂၀၁၈ ခုနှစ်ထက် ၂၀ ရာခိုင်နှုန်း လျော့ကျသွားသည်။ ထိုကာလတွင် မြန်မာနိုင်ငံသည် ၆၀ ရာခိုင်နှုန်းမြင့်တက်သည်။ နောက်ဆုံးရ ၂၀၂၀ ဇန်နဝါရီလအတွက် အချက်အလက်တွင် နေရာအပြောင်းအလဲများ ဖြစ်နေသည်ကိုတွေ့ရသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်နှင့်တရုတ်တို့ သွင်းကုန်ခွန်နှုန်းထားလျော့ချရန် ပထမအဆင့်ကို သဘောတူခဲ့ကြပြီး ၂၀၂၀ ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ရလဒ်အဖြစ် တရုတ်မှ ဆေးရုံသုံးဝတ်ရုံ surgical gowns (harmonized code 6210) တင်သွင်းမှုသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့်နှိုင်းယှဉ်လျှင် ၁၂ .၁ ရာခိုင်နှုန်းတိုးသည်။ အခြားထိပ်တန်း ၅ နိုင်ငံတွင်လည်းတိုးသည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနှင့်အင်ဒိုနီးရှားတို့မှတင်သွင်းသည့် ဆေးရုံသုံးဝတ်ရုံ အလေးချိန်ကီလိုဂရမ်ပမာဏသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂ ဆ တိုးသွားသည်။ မြန်မာနိုင်ငံသည် ထိပ်တန်း ၅ နိုင်ငံတွင် တတိယနေရာသို့ရောက်ရှိသွားသည်။ ဗီယက်နမ်သည် ၂၁ . ၇ ရာခိုင်နှုန်းတိုးသည်။ ဘင်္ဂလားဒေ့ရှ်သည် ၃၈ ရာခိုင်နှုန်း လျော့ကျသည်။ အမေရိကန်နိုင်ငံသည် ဆေးရုံသုံး ဝတ်ရုံ surgical gowns (harmonized code 6210) ကို အီတလီ၊ ကနေဒါ၊ မက္ကဆီကို၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံများမှလည်း တင်သွင်းသည်။

**Source: supplychainbrief.com/myanmar**

https://www.textiledirectory.com.mm/industry-news/export-import/item/3242-gown.html

## မြန်မာ့ငရုတ်သီး ဈေးနှုန်းများကျဆင်း



ပြည်ပနိုင်ငံအချို့ကိုတင်ပို့နေတဲ့ မြန်မာ့ငရုတ်သီးဈေးနှုန်းများမှာ ကျဆင်းနေကြောင်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအသင်းမှသိရပါတယ်။ ငရုတ်သီးများမှာ အရည်အသွေးနဲ့တင်ပို့မှုများနေတဲ့အတွက် ဈေးနှုန်းကျဆင်းတာဖြစ်တယ်လို့ မြန်မာ့ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောပါတယ်။ ဈေးနှုန်းကတော်တော်ကျနေတယ်။ အဓိကကငရုတ်သီး အရည်အသွေးမကောင်းတာရယ် အဝင်များနေတာကြောင့်ဈေးကျတာပါမြန်မာ့ငရုတ်သီးကို ထိုင်းနိုင်ငံကိုအဓိကထားတင်ပို့နေတာဖြစ်ကြောင်းလည်း အဆိုပါအသင်းမှသိရပါတယ်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးတာဖြစ်ကြောင်း မြန်မာ့ငရုတ်သီး ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/Myanmar_chili_prices_fall

## COVID-19 ကပ်ဘေးကာလတွင် ကြံစိုက်တောင်သူနှင့် သကြားစက်ရုံများအခက်ကြုံ

COVID-19 ရောဂါဖြစ်ပွားနေတဲ့ကာလမှာ ကြံစိုက်တောင်သူရော သကြားထုတ်လုပ်တဲ့စက်ရုံတွေပါ အခက်အခဲ ရှိကြပြီး အရောင်းအဝယ် ရပ်ဆိုင်းသွားလုနီးပါးဖြစ်နေပါတယ်။ ကြံစိုက်ပျိုးတဲ့လူတွေအနေနဲ့ ကြံလုပ်သားတွေ ပြန်ခေါ်ရာမှာ ခရီးစရိတ်နှစ်ဆပေးရတာတွေနဲ့ ဈေးပိုတောင်းတာတွေရှိတယ်လို့သိရပါတယ်။ အသင်းတိုက်တွေ ကုန်စည်ဒိုင်တွေကလည်းပိတ်ထားပြီး ကုန်ပစ္စည်းမမြင်ရပဲ ဖုန်းတွေနဲ့ video call တွေနဲ့ဆိုတော့ အခက်အခဲရှိတယ် လို့ မြန်မာနိုင်ငံသကြားနှင့် သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်းဥက္ကဋ္ဌ ဦးမောင်ဒွေးကပြောပါတယ်။

မြန်မာနိုင်ငံက ထွက်တဲ့သကြားကို တရုတ်နိုင်ငံက ဝယ်ယူတာမရှိပေမယ့် ၂၀၂၀ နှစ်ဆန်းပိုင်းက တရုတ်ဘက်က သကြားစက်ရုံတွေရဲ့ လိုအပ်ချက်အရ ကြံတွေကို လွယ်ဂျယ်ထွက်ပေါက်ကနေတဆင့် တရုတ်နိုင်ငံက ဝယ်ယူတာတွေ

ရှိခဲ့ပါတယ်။ ဒ့ါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်အစပ်က ကြံစိုက်တောင်သူတွေကတော့ ကြံတွေ အကုန်ရောင်းချနိုင်ခဲ့တယ်လို့ ကြံစိုက်တောင်သူ ဦးမြင့်ဆွေကပြောပါတယ်။ တရုတ်နိုင်ငံက ၂၀၁၉ နှစ်စပိုင်းက စတင်ပြီး မြန်မာနိုင်ငံက သကြားဝယ်ယူတာကို ပိတ်လိုက်တဲ့အတွက် ပြည်တွင်းမှာ သကြားတွေပိုလျှံနေပြီး ဈေးနှုန်းတွေလည်း ကျနေတယ်လို့သိရပါတယ်။

**Source : DVB**

https://news.ydnp.net/348525/

## COVID-19 ကြောင့် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဂေါ်ဖီစိုက်ဧက ၁၆၀၀ ခန့် ဈေးကွက်ပျက်

COVID-19 ကြောင့် ရှမ်းပြည်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်ရှိ နောင်တရားဒေသတွင် ဂေါ်ဖီစိုက်ဧက ၁၆၀၀ ခန့်အပေါ် ရိုက်ခတ်မှုများရှိလာပြီး ဈေးကွက်မရှိဖြစ်ကာ ပျက်ဆီးဆုံးရှုံးမှုများဖြစ်ပေါ်နေပြီး ပရဟိတအဖွဲ့တစ်ခုက တောင်သူများထံမှ ဂေါ်ဖီများအား သင့်တင့်သောဈေးဖြင့်ပြန်ဝယ်ကာ တောင်ပေါ်ကျေးရွာများအထိ လိုအပ်သောနေရာများသို့ လှူဒါန်းရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

COVID-19 ရောဂါကာလနှင့် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်းရှိ စိုက်ထားသောဂေါ်ဖီစိုက်ပျိုးထွက်ရှိချိန်နှင့် တိုက်ဆိုင်နေသည့်အတွက် တစ်နိုင်ငံလုံး stay at home ကာလသတ်မှတ်ချိန်တွင် အသွားအလာမလုပ်နိုင်ခြင်း၊ စားသောက်ဆိုင်များ ဖွင့်လှစ်မှုမရှိခြင်းတို့ကြောင့် ဂေါ်ဖီ ရောင်းချနိုင်ခြင်းမရှိသည့်အတွက် ဂေါ်ဖီထုပ်များစွန့်ပစ်လိုက်ရခြင်း၊ ဖျက်ဆီးပစ်ရခြင်း စသည့်အခြေအနေများဖြစ်ပေါ်နေသည်ဟု ဒေသခံများကဆိုသည်။ ''လက်ရှိထွက်နှုန်းနဲ့ အခုလောလောဆယ် စားသုံးသူနဲ့က မမျှဘူး။ ထွက်နှုန်းအရမ်းမြင့်နေတဲ့အချိန်။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ပြဿနာမရှိဘူး။ COVID-19 ကာလမှာတော့ စားသောက်ဆိုင်တွေက သိပ်မဖွင့်တော့ဘူး။ ပါဆယ်တွေနဲ့ သွားနေတော့တာကိုး။ လူတွေကလည်း ပွဲလမ်းသဘင်တွေမရှိတော့ စိုက်ထားတဲ့စိုက်ဧကနဲ့ Supply နဲ့ Demand မမျှတော့ အခု စွန့်ပစ်ရမယ့် အနေအထားဖြစ်သွားတာ''ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးခွန်ဆန်းဦးက မြန်မာတိုင်းမ်ကိုပြောသည်။

နောင်တရားဒေသတွင် တစ်နှစ်လျှင် ဂေါ်ဖီစိုက်ဧက ၁၆၀၀ ခန့်စိုက်ပျိုးကြပြီး ယခုရာသီတွင် စိုက်ဧက ၅၀၀ ခန့် ထွက်ရှိသည့်အနက် ဧက ၂၀၀ ခန့် ပျက်စီးသွားပြီးဖြစ်သည်ဟုသိရသည်။ ဂေါ်ဖီစိုက်တောင်သူများသည် ပုဂ္ဂလိက ချေးငွေလုပ်ငန်းများမှ ချေးငွေများရယူ၍ စိုက်ပျိုးထားခြင်းဖြစ်ပြီး ယင်းချေးငွေများပြန်လည်ပေးဆပ်ရန်နှင့် စိုက်ပျိုးရေးဆေးဆိုင်မှ မြေသြဇာ ၊ ဆေး၊ မျိုးစေ့ဖိုးများ၊ ပွဲစားများဆီမှ ကြိုတင်ငွေရယူထားခြင်းများစသည်တို့ကို ပြန်ပေးဆပ်ရန် အခက်အခဲကြုံနေရသည်ဟုသိရသည်။

အဆိုပါအခြေအနေများကြောင့် ဂေါ်ဖီစိုက်တောင်သူများကို တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေ ဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်းရှိ နောင်တရား ပရဟိတအဖွဲ့က စိုက်ဧက ၃၀၀ ထဲမှ တောင်သူများအတွက် သင့်တင့်သော ဈေးနှုန်းဖြင့် ဂေါ်ဖီထုပ်ပေါင်း ၅ သိန်းကို တာဝန်ယူ၍ လှူဒါန်းရန် ဝယ်ယူပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် ဂေါ်ဖီထုပ် ၃ သိန်းဝယ်ယူပြီး သွားပြီဟု အဆိုပါအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ ဦးခွန်ဆန်းဦးကပြောသည်။ ''အခုသွားလာမှု ပြန်ဖြစ်လာတော့ စိုက်ခင်းတွေက နည်းနည်းလွန်သွားပြီး ရောင်းချဖို့အတွက် အခက်အခဲဖြစ်သွားတယ်။ စားသောက်တာကြတော့ အခက်အခဲမရှိဘူး။အဲဒါကြောင့် ပေးလှူဖို့ လုပ်လိုက်တာ''ဟု ၎င်းကပြောသည်။

နောင်တရားပရဟိတအဖွဲ့က တောင်သူများထံမှဝယ်ယူ၍ ရေနီ ၊ ပျဉ်းမနား ၊ လယ်ဝေးအရှေ့ဘက်ရှိ တောင်ပေါ် ကျေးရွာများအထိ ပြည်သူလူထုများ၊မြို့နေလူတန်းစားများ၊ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများသို့ ပို့ဆောင်လှူဒါန်းပေးနေပြီး တောင်သူအချို့ကလည်း ပါဝင်လှူဒါန်းမှုများရှိသည်ဟုသိရသည်။ အလားတူ ပြီးခဲ့သောလကလည်း COVID-19 ထိန်းချုပ်ရန် အကြောင်းပြချက်ဖြင့် တရုတ်အစိုးရက နယ်စပ်ချင်းထိစပ်နေသည့် နန့်ခမ်း“မူဆယ်တစ်လျှောက်ရှိ ဝင်ပေါက်များမှ ပြောင်းချို (သကြားပြောင်း) တင်ပို့မှုကို ပိတ်လိုက်သည့်အတွက် ပြောင်းချိုစိုက်ဧက ၅,၀၀၀ ခန့်ရှိသော ပြောင်းတန်ချိန်သိန်းချီ၍ ရွှေလီမြစ်ထဲသို့ လွှင့်ပစ်နေရပြီး တောင်သူများနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139576.html

## အီးယူ၏ စီးပွားရေးပြန်လည်ထူထောင်ရေးရန်ပုံငွေအတွက် ယူရို (၅၀၀) ဘီလီယံသုံးစွဲရန် ပြင်သစ်နှင့် ဂျာမနီတို့ အဆိုပြု

ကိုရိုနာဗိုင်းရပ်စ်ရောဂါ အကျပ်အတည်းကြောင့် စီးပွားရေးကျဆင်းမှုရှိခဲ့သည့် အီးယူနိုင်ငံ များအား ငွေကြေးအထောက်အပံ့ပေးနိုင်မည့် အီးယူ၏ စီးပွားရေးပြန်လည်ထူထောင်ရေး ရန်ပုံငွေ အဖြစ် ယူရို (၅၀၀) ဘီလီယံ သုံးစွဲရန် ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က တောင်းဆိုခဲ့ကြကြောင်း၊ ဂျာမနီ နိုင်ငံဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ပြင်သစ်နိုင်ငံသမ္မတ အီမန်နျူရယ်မက်ခရွန်တို့က အီးယူ တစ်ခုတည်းသောဈေးကွက်အတွင်း ထိခိုက်မှုကိုရှောင်လွှဲနိုင်ရန်နှင့် အီးယူ၏ စီးပွားရေးများအားလုံး ပြန်လည်စတင်နိုင်ရေး အကူအညီပေးရန်ရည်ရွယ်ချက်ဖြင့် အဆိုပါရန်ပုံငွေအတွက် ပူးတွဲ ရပ်တည်ချက်တစ်ရပ်ကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးထိခိုက်မှုအများဆုံးဒေသများနှင့် လုပ်ငန်းကဏ္ဍများအတွက် ချေးငွေမဟုတ်ဘဲ အီးယူ၏ ဘတ်ဂျက်သုံးစွဲမှုတိုးမြှင့်ရန်အတွက် ယာယီရန်ပုံငွေတစ်ရပ်အဖြစ် ယူရို (၅၀၀) ဘီလီယံကို ထူထောင်လိုခြင်းဖြစ်သည်ဟု ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကယ်က ပြောကြားခဲ့ကြောင်း၊ ဥရောပ ကော်မရှင်အနေဖြင့် ဘဏ္ဍာရေးဈေးကွက်များထံမှ ငွေချေးယူ၍ ယူရို (၅၀၀) ဘီလီယံ ဘတ်ဂျက်ကို ဖြည့်တင်းပြီး၊ အီးယူ၏ ဘတ်ဂျက်မှတစ်ဆင့် အီးယူနိုင်ငံများ၏ အစိုးရများထံသို့ ခွဲဝေပေးသွားနိုင် ရန်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အဆိုပါပြန်လည်ထူထောင်ရေးရန်ပုံငွေ အဆိုပြုချက်ကို လာမည့် မေလ (၂၇) ရက်နေ့တွင် တင်ပြသွားရန် စီစဉ်ထားကြောင်း၊ အီးယူနိုင်ငံများ၏ အစိုးရများ အားလုံးကသဘောတူရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥရောပ၏ ဦးစားပေးအစီအစဉ်များနှင့်အညီ အီးယူဘတ်ဂျက်အစီအစဉ်များအပေါ် အခြေခံ၍ ထိခိုက်မှုအရှိဆုံး ဒေသများနှင့် လုပ်ငန်းကဏ္ဍများအတွက် အီးယူဘတ်ဂျက်သုံးစွဲမှုကို ၎င်းရန်ပုံငွေ ဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်သည်ဟု ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က ပူးတွဲထုတ်ပြန်ချက်တွင် ရေးသားထားကြောင်း၊ အဆိုပါငွေကြေးများကို အီးယူ၏အဖွဲ့ဝင်နိုင်ငံများမှ တောင်းဆိုနိုင်သည့် အများဆုံးပမာဏ (EU's Own Resources ceiling) ကို တိုးမြှင့်ခြင်းဖြင့် ချေးယူသွားမည်ဖြစ်ပြီး ၎င်းကို အာမခံအဖြစ်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ၎င်းအစီအစဉ်တွင် သက်တမ်းကုန်ဆုံးရက်ကို သတ်မှတ်ပေးမည်ဖြစ်ပြီး၊ ၂၀၂၇ ခုနှစ်တွင် ကုန်ဆုံးမည့်အီးယူ၏ ကာလရှည်ဘတ်ဂျက်အပြီးတွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: Politico**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## ဗိုင်းရပ်စ်ကြောင့် စီးပွားရေးကျဆင်းမှု ပြန်လည်ထူထောင်လာ

လေကြောင်းခရီးသွားလာခြင်း၊ ဟိုတယ်အခန်းကြိုတင်မှာယူခြင်းနှင့် အိမ်အပေါင်လျှော့ထားခြင်းစသည့် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်လာခြင်းဖြင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် မေလနောက်ဆုံးပတ်တွင် တရွေ့ရွေ့ပြန်လည်ထူထောင် လှုပ်ရှားလာနေပြီဖြစ်ပါသည်။ ကုန်တင်ယာဉ်များ ပြန်လည်အသက်ဝင်လာပြီဖြစ်သလို လေကြောင်းခရီးသွားလာမှုနှင့် ဟိုတယ်အခန်းမှာယူမှုများလည်း အနည်းငယ်မြင့်တက်လာနေပြီဖြစ်ပါသည်။ အိမ်အပေါင်လျှော့ထားမှုများလည်း မြင့်တက်လျက်ရှိပြီး ပြည်သူ များသည် စီးပွားရေးလုပ်ငန်းသစ်များ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်လျက်ရှိကြသည်။ ၎င်းတို့သည် အမေရိကန် စီးပွားရေး တရွေ့ရွေ့ ပြန်လည်ရှင်သန်လာနေသည့် ကနဦးလက္ခဏာများဖြစ်ပါသည်။

သုတေသနအချက်အလက်များအရ ဧပြီလနှင့် မေလတို့တွင် အမေရိကန်တစ်နိုင်ငံလုံး စီးပွားရေး လှုပ်ရှားမှုများ ကျဆင်းကာ ပေးရမည့်လုပ်ခ၊ လစာများမြင့်တက်လာပြီး တိုင်းပြည် စီးပွားရေးကျဆင်းမှု ဆိုးဝါးခဲ့ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့် အစောပိုင်းကာလများထက် ပိုမိုဆိုးဝါးလာခဲ့ကြောင်း သုတေသီများက ဆိုပါသည်။ လက်ရှိ အနေအထားတွင် စီးပွားရေးကျုံ့မှုသည် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိရှိကြောင်းနှင့် အလုပ်လက်မဲ့ဖြစ်ပေါ်နေမှုသည်လည်း တိုးတက်များပြားလျက်ရှိပါသည်။

ဗိုင်းရပ်စ်ကူးစက်မှုကာကွယ်နိုင်ရန် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ကြရသည့် အတွက် ဟိုတယ်တည်းခိုခြင်း၊ စားသောက်ဆိုင်တွင် စားသုံးခြင်း၊ လေယာဉ်စီးသူများနှင့် အခြားလုပ်ငန်းများထိခိုက်ကြပြီး ယင်းတို့အတွက် သုံးစွဲမှု နည်းပါးနေသေးသည့် အခြေအနေ ဖြစ်ပါသည်။ တစ်နေရာမှတစ်နေရာသို့ ခရီးသွားရာတွင် လေဆိပ်၊ နယ်စပ်များတွင် ခရီးသည်များ လုံခြုံရေး စစ်ဆေးသည့် နေရာများကို ဖြတ်သန်း၍ ခရီးသွားလာမှုသည် ဧပြီလ ၁၄ ရက်နေ့တွင် ၈၇၅၃၄ ထိ ကျဆင်းခဲ့ပြီး မနှစ်က ယင်းနေ့ခရီးသွားလာမှုထက် ၉၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ သို့သော် မေလ ၂၂ ရက်နေ့တွင် ခရီးသည် ၃၄၈၆၇၃ ဦးထိ ၃ ဆကျော် ပြန်လည်မြင့်တက်လာသော်လည်း မနှစ်ကယင်းနေ့တွင် ခရီးသွားလာမှုထက် ၈၈ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ စားသောက်ဆိုင်များတွင် အွန်လိုင်းမှ ကြိုတင်မှယူသည့် အချက်အလက်များအရ ပြည်နယ်အတော်များများတွင် ညစာစားပွဲအတွက် မှာယူမှုများ ပြန်လည်များပြားလာတာတွေ့ရပါသည်။

အမေရိကန်နိုင်ငံတွင် မော်တော်ကားထုတ်လုပ်သည့်လုပ်ငန်းများသည် ၎င်းတို့ထောက်ပံ့သယ်ယူပို့ဆောင်မှု ကွင်းဆက်တွင် အခက်အခဲများနှင့်ရင်ဆိုင်နေကြရသော်လည်း လွန်ခဲ့သည့်သီတင်းပတ်တွင် ၎င်းတို့စက်ရုံအများစာတွင် လုပ်ငန်းတစ်ချို့ကို ပြန်လည်လုပ်ကိုင်လာကြပြီဖြစ်ပါသည်။

အလုပ်လက်မဲ့ခံစားခွင့်ကဲ့သို့သော အစိုးရအထောက်အပံ့ရရှိမှုများသည်လည်း လာမည့်လများတွင် နည်းပါးသွားိုင်ဖွယ်ရှိကြောင်းသိရပါသည်။ အမေရိကန်နိုင်ငံသားများ အိမ်အပြင်ပြန်ထွက်နေပြီး ၎င်းတို့ပုံမှန်နေထိုင်မှုအတိုင်း ပြန်လည်သွားလာနေထိုင်နေကြသည့်အတွက် ဒုတိယအကြိမ် ဗိုင်းရပ်စ်ပျံ့နှံ့မှုဖြစ်လာပါက အခြေအနေဆိုးဝါးလာနိုင်ကြောင်း ဗဟိုဘဏ်ကလည်း သတိပေးထားပါသည်။

အမေရိကန်စီးပွားရေးတိုးတက်မှုအတွက် အိမ်ထောင်စုများသုံးစွဲမှုသည် အဓိကကျပြီး ထုတ်လုပ်နိုင်မှုပမာဏ၏ သုံးပုံနှစ်ပုံရှိကြောင်း၊ မတ်လလယ်လောက်ကတည်းက လုပ်သားသန်းပေါင်းများစွာ အလုပ်လျှော့ခံရကြောင်း၊ သို့သော် လစာငွေပုံမှန်ရရှိနေပါက စီးပွားရေးလုံခြုံ စိတ်ချရမှုရှိပြီး ၎င်းတို့သုံးစွဲမှုလည်း ပုံမှန်သုံးစွဲနိုင်ဖွယ်ရှိကြောင်း စီးပွားရေးသုတေသီတချို့က ဆိုပါသည်။

**Source:https://www.wsj.com/articles/for-economy-worst-of-coronavirus-shutdowns-may-be-over-11590408000**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ အမေရိကန် (ဝါရှင်တန်)**

## စီးပွားရေးပြန်လည်ဖွင့်လှစ်သည့်အတွက် ကမ္ဘာ့စတော့ဈေးကွက်များပြန်လည်မြင့်တက်

အမေရိကန်-တရုတ် နှစ်နိုင်ငံအကြားတင်းမာမှုအရှိန်မြင့်တက်လာခြင်းအပေါ် စိုးရိမ်မှုထက် စီးပွားရေး ပြန်လည်ဖွင့်လှစ်ရေးအပေါ် စိတ်အားထက်သန်မှုများပြားနေကြသည့်အတွက် နိုင်ငံတကာဈေးကွက်များ ပြန်လည်ဖွင့်လှစ်လာကြပါသည်။ မေလ ၂၅ ရက်နေ့ အမှတ်ရဖွယ်နေ့ ရုံးပိတ်ရက်ပြီးနောက် မေလ ၂၆ ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ ကုန်သွယ်ရေးဈေးကွက်များ ပြန်လည်ဖွင့်လှစ်လာကြကာ S&P 500 ကြိုရောင်းကြိုဝယ်ဈေးနှုန်းသည် ၂ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ပါသည်။

ထို့အတူ ဗြိတိန်နှင့်ပြင်သစ်တို့တွင်လည်း pan-continental Stoxx Europe 600 စတော့ဈေးသည် ၁.၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဂျပန်အစိုးရကလည်း အရေးပေါ်အခြေအနေအား မေလ ၂၅ ရက်နေ့တွင် ဖယ်ရှားခဲ့ပြီးနောက် ဂျပန်အစုရှယ်ယာများမြင့်တက်လာပြီး Nikkei 225 သည် ၂.၆ ရာခိုင်နှုန်း ဦးဆောင်မြင့်တက်လာပါသည်။

ဩစတြေးလျား၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ရှန်ဟိုင်းအစုရှယ်ယာများလည်း ပြန်လည်မြင့်တက်လာကြသည်။ လပေါင်းအနည်းငယ် အပြင်မထွက်ပဲ နေအိမ်များတွင်သာ နေထိုင်ကြရသဖြင့် ပြည်သူများသည် ၎င်းတို့၏ ပုံမှန်ဘဝများအတိုင်း ပြန်လည်ရှင်သန်လိုကြသည်။ အမေရိကန်နိုင်ငံတွင် မေလ ၂၅ ရက်နေ့ အမှတ်ရဖွယ်နေ့ရုံးပိတ်ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းနီးပါးရှိနေသော်လည်း အမေရိကန်နိုင်ငံသားများသည် ဘား၊ စားသောက်ဆိုင်များ၊ ကမ်းခြေများနှင့် ပန်းခြံများသို့ သွားရောက် အပန်းဖြေခဲ့ကြကြောင်းတွေ့ရပါသည်။

စီးပွားရေးပြန်လည်ထူထောင်မှုနှုန်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားနိုင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် အစိုးရများက ၎င်းတို့စီးပွားရေးအပေါ် အထောက်အပံ့ပေးနိုင်ရန် ဘတ်ဂျက်သုံးစွဲမှုအပေါ်မူတည်ကြောင်း သုတေသီများကဆိုပါသည်။

ကမ္ဘာ့ရေနံဈေးလည်းပြန်လာမြင့်တက်လာပြီး အမေရိကန်၏ အဓိကရေနံစိမ်းစံပေတံဖြစ်သည့် West Texas Intermediate သည် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၄.၄၅ ထိဈေးရရှိပြီး ၃.၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ ကမ္ဘာ့ရေနံစိမ်းစံသတ်မှတ်ချက်သည်လည်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၆.၇၃ထိဈေးရရှိပြီး ၁.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

**Source:** https://stockmarketnews.today/2020/05/26/optimism-over-reopening-pushes-global-stock-markets-higher/

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ အမေရိကန် (ဝါရှင်တန်)**

## E-commerce လုပ်ငန်းများ တိုးတက်လာမည်ဖြစ်သောကြောင့် JD.com၏ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို မြှင့်တင်လုပ်ကိုင်လာခြင်း

တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများစုမှာ အွန်လိုင်းမှရောင်းချရန် ပြောင်းလဲလုပ်ကိုင်လာရာ အွန်လိုင်းမှ ဝယ်ယူရောင်းချမှုများ တိုးတက်လာရန် တရုတ်နိုင်ငံ၏ အင်အားကြီး e-commerce လုပ်ငန်းတစ်ခုဖြစ်သည့် JD.com ၏ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြောင်း၊ နေ့ချင်း (သို့မဟုတ်) နောက်တစ်ရက်အတွင်း ကုန်ပစ္စည်းများဖြန့်ဖြူးပေးပို့နိုင်ရန် ပေကျင်းအခြေစိုက် အလိုအလျောက်သယ်ယူပို့ဆောင်ရေးဌာန (၃)ခုအား ဟူဘေပြည်နယ် ရှိ လန်ဖန်၊ ရှန်းတုံးပြည်နယ်ရှိ ဘယ်ကျိုးနှင့် ဟိုင်နန်ပြည်နယ်ရှိ ကျန့်ကျိုးတို့၌ တည်ဆောက်ခဲ့ကြောင်း၊ JD.com မှ တရုတ်နိုင်ငံတစ်ဝန်းတွင် ပေကျင်းအခြေစိုက် ထောက်ပံ့ပို့ဆောင်ရေးဌာန (၂၅) ခုအား တည်ဆောက်သွားမည်ဖြစ်ကြောင်း ၊ လူကြိုက်များသော ကုန်ပစ္စည်းများ၏ အချက်အလက်များအား အလေးထားဆောင်ရွက်လျှင် စားသုံးသူများအနေဖြင့် ကုန်ပစ္စည်းများအား မှာကြားပြီးနောက် မိနစ်ပိုင်းအတွင်း လျင်မြန်စွာပစ္စည်းများလက်ခံရရှိနိုင်ကြောင်း၊ တရုတ်နိုင်ငံရှိ e-commerce လုပ်ငန်းရှင်များမှာ အခြေခံအဆောက်အဦများတည်ဆောက်မှုကို တိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်း၊ အလီဘာဘာ e-commerce မှလည်း COVID-19 ဖြစ်ပွားပြီး၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း ပထမဆုံးကျင်းပပြုလုပ်မည့် 618 Festival အတွင်း အွန်လိုင်းရောင်းချမှုများ မြင့်တက်နိုင်ရန် နာရီပိုင်းအတွင်း ပစ္စည်းများပေးပို့နိုင်ရန် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်ရန် ဆောင်ရွက်ထားပြီး အရောင်းမြှင့်တင်သည့်ကာလအတွင်း တရုတ်နိုင်ငံနှင့်ဥရောပနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမြှင့်တင်နိုင်ရန် လေယာဉ် စီးရေ (၁၀၀) နှင့် ကုန်တင်ရထား (၂၀) စီးအား အသုံးပြုသွားမည်ဖြစ်ကြောင်း၊ COVID-19 ကြောင့် ကုန်အမှတ်တံဆိပ်များ၊ ကုန်သည်များနှင့်လက်လီရောင်းချသူများ 618 Festival ၌ ပါဝင်ကြမည်ဖြစ်ပြီး ပွဲတော်စတင်ခဲ့သည့် (၁၇) နှစ်တာ ကာလအတွင်း အအောင်မြင်ဆုံးပွဲတော်ဖြစ်မည်ဖြစ်ကြောင်း၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အသေးစားနှင့်အလတ်စား ကုန်သည်တစ်သိန်းကျော်၏ လုပ်ငန်းလှည့်ပတ်ငွေများ (၁၀၀) ရာခိုင်နှုန်းကျော် မြင့်တက်လာနိုင်ကြောင်း၊ COVID-19 ကာလအတွင်း e-commerce လုပ်ငန်းများမှာ အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက် နေ့ထုတ် South China Morning Post သတင်းစာ၌ Hu Minghe က “JD.com boosts logistics as e-commerce set to grow” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ဟောင်ကောင်လုပ်ငန်းရှင်များက အလုပ်သမားများကို လုပ်ငန်းမှရပ်ဆိုင်းခဲ့မှုမှာ စင်ကာပူကုမ္ပဏီများထက် နှစ်ဆပိုများခြင်း

COVID-19 ကာလအတွင်းကုန်ကျစရိတ်များလျှော့ချနိုင်ရန် ဟောင်ကောင်အလုပ်သမားများအားလုပ်ငန်းမှ ရပ်ဆိုင်းခဲ့မှုမှာ စင်ကာပူကုမ္ပဏီများနှင့်နှိုင်းယှဉ်လျှင် နှစ်ဆပိုများနေကြောင်း၊ လုပ်ငန်းရပ်ဆိုင်းမှုအား လေ့လာစစ်တမ်းကောက်ရာတွင် စင်ကာပူလုပ်ငန်း(၆၈)ခု၏အလုပ်သမား (၈) ရာခိုင်နှုန်းနှင့် ဟောင်ကောင်ကုမ္ပဏီ (၁၄၀) ခု၏ (၁၆) ရာခိုင်နှုန်း ရပ်ဆိုင်းခဲ့သည်ကိုတွေ့ရှိခဲ့ရကြောင်း၊ လစာမဲ့ခွင့်ပေးသည့်ဝန်ထမ်းများမှာ စင်ကာပူကုမ္ပဏီများမှ (၈) ရာခိုင်နှုန်းနှင့် ဟောင်ကောင်ကုမ္ပဏီများမှ (၁၇) ရာခိုင်နှုန်းရှိကြောင်း၊ COVID-19 နှင့် ကာလကြာရှည် အစိုးရဆန့်ကျင်ဆန္ဒပြမှုများကြောင့် ဟောင်ကောင်ရှိ ခရီးသွားလုပ်ငန်းနှင့် လက်လီရောင်းချမှုလုပ်ငန်းများမှာ ကာလကြာရှည်ကျဆင်းလျက်ရှိကြောင်း၊ ဇန်နဝါရီလမှ စတင်ဖြစ်ပွား

ခဲ့သည့် COVID–19 ကြောင့် ဧပြီလကုန်တွင် ဟောင်ကောင်၏ အလုပ်လက်မဲ့မှာ (၇၈,၅၀၀) နေရာရှိခဲ့ကြောင်း၊ အလုပ်လက်မဲ့များထိခိုက်မှု လျော့နည်းသက်သာစေရန် လစဉ်လစာ၏ ထက်ဝက်ဖြစ်သည့် ဟောင်ကောင်ဒေါ်လာ (၉၀၀၀) အား (၆) လကြာ ဟောင်ကောင်အစိုးရမှ ပံ့ပိုးပေးသွားမည်ဖြစ်ရာ အဆိုပါထောက်ပံ့ကြေးကို ကုမ္ပဏီများမှလျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ တရုတ်–အမေရိကန် ကုန်သွယ်ရေးစစ်ပွဲ၊ အစိုးရဆန့်ကျင်ဆန္ဒပြမှုများနှင့် COVID–19 တို့၏ ဖိအားများကြောင့် ကုန်ကျစရိတ်များလျှော့ချရန် လုပ်ဆောင်မှုများအတွက် ဟောင်ကောင်လုပ်ငန်းရှင်များကို အပြစ်မတင်သင့်ကြောင်း၊ COVID–19 ကြောင့် အလုပ်သမားများအပေါ် ထိခိုက်မှုအား ကုစားမှုရန် ဟောင်ကောင်လုပ်ငန်းရှင် (၈၅) ရာခိုင်နှုန်းနှင့် စင်ကာပူလုပ်ငန်းရှင် (၇၉) ရာခိုင်နှုန်းတို့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသသည် COVID–19 ကူးစက်မှု အားကောင်းမွန်စွာထိန်းချုပ်နိုင်ပြီး စင်ကာပူနိုင်ငံထက် ကူးစက်မှုနည်းပါကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Martin Choi and Enoch Yiu က “HK employers laying off twice as many staff as Singaporean companies” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး–မြန်မာသံရုံး ၊ ဟောင်ကောင်**

## STOCK EXCHANGE (26.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 2,693 | 28,529,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,800 | 3,800 | 3,750 | 2,207 | 8,372,100 | 38,929,150 | 145,984 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 95 | 779,000 | 10,400,986 | 85,288 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 0 | 0 | 2,472,053 | 59,329 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 2,000 | 5,600,000 | 12,823,224 | 35,905 |

As of 26th May. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.35 | -0.66 | -0.15% | 447.01 | 457.67 | 446.35 | 6,995 | 43,280,100 | 5 | 611,190 |

**Index chart**



# Market Overview

As of 1:00 pm, 26th May. 2020

| MYANPIX | 446.35 ▼0.66 |
|---|---|
| Total Volume (shares) | 6,995 |
| Total Value (MMK) | 43 mil |
| Listed Company | 5 |
| Market Cap. (MMK) | 611,190 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |

TIR